# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမ ပုံမှန်အစည်းအဝေး

# (၃၇)ရက်မြောက်နေ့ အစီအစဉ်

# [ ၂-၈-၂၀၁၇ ] (ဗုဒ္ဓဟူးနေ့) နံနက် ၁၀ နာရီ

၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း၊

၂။ ပြည်သူ့လွှတ်တော်အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း၊

၃။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမ ပုံမှန်အစည်းအဝေး (၃၇)ရက်မြောက်နေ့ အစီအစဉ် ကြေညာခြင်း၊

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း-

(က) ဦးဝမ်းလှ၊ နန်းယွန်း မဲဆန္ဒနယ်၏ **ပန်ဆောင်မြို့ပေါ်မှ နယ်စပ်အထိ (၁/၃)မိုင် ကတ္တရာခင်းခြင်းလုပ်ငန်းအား သတ်မှတ် ဘဏ္ဍာနှစ်အတွင်း လုပ်ငန်းပြီးစီးအောင် ဆောင်ရွက်နိုင်ခြင်းမရှိသော Dragon Power Light ကုမ္ပဏီအား အရေးယူပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ခ) ဦးနိုင်နိုင်ဝင်း၊ တမူး မဲဆန္ဒနယ်၏ **တမူးမြို့နယ်၊ မြန်မာ-အိန္ဒိယနယ်စပ် ကုန်သွယ်ရေးအား ကုန်သွယ်မှုပမာဏမြှင့်တင်ပေးနိုင်ရန် ကုန်သွယ်ရေးဇုန် အကောင်အထည်ဖော်ဆောင်ရွက်ပေးမည့် အစီအစဉ် ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဂ) ဒေါက်တာဦးမောင်သင်း၊ မိတ္ထီလာ မဲဆန္ဒနယ်၏ **နိုင်ငံ့ဝန်ထမ်း ဆရာ၊ ဆရာမများနှင့် ပညာရေးဝန်ထမ်းများအားလုံးအား နှစ်စဉ် ဝတ်စုံစရိတ် ချီးမြှင့်ပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဃ) ဦးခွန်သန်းထူး၊ ဆီဆိုင် မဲဆန္ဒနယ်၏ **၂၀၁၇–၂၀၁၈ ဘဏ္ဍာနှစ် သို့မဟုတ် ၂၀၁၈–၂၀၁၉ ဘဏ္ဍာနှစ် ဖြည့်စွက်ရန်ပုံငွေ(RE) တွင် ထီးအုံစောက်ရွာ အတွက် သင့်လျော်သော ကျောင်းဆောင်သစ်တစ်ဆောင် ခွင့်ပြုချထား ပေးရန် အစီအစဉ်ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(င) ဒေါ်ခင်နှင်းသစ်၊ ပန်းတောင်း မဲဆန္ဒနယ်၏ **လုပ်ငန်းခွင်တွင် အမျိုးသမီးများ သည် အမျိုးသားများနှင့် တန်းတူအသက်မွေးဝမ်းကျောင်း ပညာရပ်များ သင်ကြားနိုင်ရန် တက္ကသိုလ်ဝင် စာမေးပွဲရလဒ်များကို ကျား/မ တန်းတူ သတ်မှတ်ပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(စ) ဦးဝင်းမင်း၊ လှိုင်သာယာ မဲဆန္ဒနယ်၏ **လှိုင်သာယာမြို့နယ် လက်မှု လုပ်ငန်း ပညာသင်ကျောင်း ပြန်လည်ဖွင့်လှစ်သင်ကြားပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

၆။ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့်ပြန်လည် ပေးပို့သော **"တူးမြောင်း ဥပဒေကြမ်း"** နှင့် စပ်လျဉ်း၍ အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်များကို လွှတ်တော်သို့ တင်ပြခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၇။ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့သော **"တူးမြောင်း ဥပဒေကြမ်း"** နှင့်စပ်လျဉ်း၍ လွှတ်တော်နှစ်ရပ် သဘောကွဲလွဲမှုရှိပါက ပြည်ထောင်စုလွှတ်တော်တွင် ဆွေးနွေးဆုံးဖြတ်ရန် တင်ပြသင့်ကြောင်း ကိုယ်စားလှယ် တစ်ဦးက အဆိုတင်သွင်းခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၈။ ဦးသိန်းထွန်း၊ ကျောင်းကုန်း မဲဆန္ဒနယ်က တင်သွင်းသည့် **"ရာသီတုပ်ကွေး ရောဂါ Seasonal Influenza A(H1N1) pdm 2009 နှင့် ပတ်သက်၍ ရောဂါကူးစက် ပြန့်ပွားမှု မရှိစေရန်နှင့် အသေအပျောက် နည်းပါးရေး အတွက် လူနေထူထပ်သော ကျောင်း၊ ဈေး၊ စက်ရုံ၊ အလုပ်ရုံ၊ ရထား၊ ဘတ်စကား၊ သင်္ဘောဆိပ်၊ လေဆိပ်များအထိ ပညာပေးရေးလုပ်ငန်းကို ကျယ်ကျယ် ပြန့်ပြန့် ဆောင်ရွက်ပေးရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အရေးကြီးအဆို"** ကို အောက်ပါ လွှတ်တော်ကိုယ်စားလှယ်များကဆွေးနွေးခြင်း–

(က) ဒေါက်တာဦးသန်းအောင်စိုး၊ မင်းလှ မဲဆန္ဒနယ်၊

(ခ) ဒေါက်တာဒေါ်ရွှေပုံ၊ ပဲခူး မဲဆန္ဒနယ်၊

(ဂ) ဦးခင်ချို၊ လှိုင်းဘွဲ့ မဲဆန္ဒနယ်၊

(ဃ) ဦးစိုင်းထွန်းစိန်၊ မိုင်းပျဉ်း မဲဆန္ဒနယ်၊

(င) ဦးစောထွန်းမြအောင်၊ ဖာပွန် မဲဆန္ဒနယ်၊

(စ) ဦးဝမ်းလှ၊ နန်းယွန်း မဲဆန္ဒနယ်၊

(ဆ) ဒေါက်တာဒေါ်အေဇင်လတ်၊ ရွှေဘို မဲဆန္ဒနယ်၊

(ဇ) ဒေါ်မာမာခိုင်၊ သထုံ မဲဆန္ဒနယ်၊

(ဈ) ဒေါက်တာဦးအောင်ခင်၊ ပြင်ဦးလွင် မဲဆန္ဒနယ်၊

(ည) ဒေါက်တာဦးမင်းသိန်း၊ ရေဦး မဲဆန္ဒနယ်၊

(ဋ) ဒေါက်တာဦးစံရွှေဝင်း၊ ရေကြည် မဲဆန္ဒနယ်၊

(ဌ) ဒေါက်တာဦးလင်းလင်းကျော်၊ မြစ်သား မဲဆန္ဒနယ်၊

(ဍ) ဒုတိယဗိုလ်မှူးကြီးစန်းသီတာခင်၊ တပ်မတော်သားကိုယ်စားလှယ်၊

(ဎ) ဒုတိယဗိုလ်မှူးကြီးစိုင်းအိုက်လှ၊ တပ်မတော်သားကိုယ်စားလှယ်၊

၉။ အရေးကြီးအဆိုနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ပြန်လည်ရှင်းလင်း ဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၁၀။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမ ပုံမှန်အစည်းအဝေး (၃၇)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး (၃၈)ရက်မြောက်နေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း။